# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်
## ၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
## (၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

[ ပြင်ဆင် : 10.12.2012 ]

Myanmar Law Information System (MLIS)

နိဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင် ခဲ့ကြသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲ ရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာ နှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များအား လည်းကောင်း၊ စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များအား လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ နိုင်ငံတော်နှင့် ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား လည်းကောင်း ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်နိုင်ရန်နှင့် သာသနာရေးဆိုင်ရာဘွဲ့တံဆိပ် တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ် လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား သာသနာ ပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရန်အလို့ငှာ အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အာဏာတည်ခြင်း

၁။ ဤပြဋ္ဌာန်းချက်ကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ဟုခေါ် တွင်စေရမည်။

၂။ ဤပြဋ္ဌာန်းချက်သည် မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် (ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၇ ရက်) နေ့မှ စတင်၍အာဏာတည်ရမည်။

## အခန်း(၂)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်**

**ပုဂ္ဂိုလ်များ**

၃။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) နိုင်ငံတော်နှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့်ပုဂ္ဂိုလ်များ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့် ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊

(စ) စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူ ပုဂ္ဂိုလ်များ။

**အခန်း(၃)**

**ချီးမြှင့်အပ်နှင်းရန် သတ်မှတ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များ**

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များကိုအောက်ပါအတိုင်း ၃ မျိုး ခွဲခြားထားရှိသည်-

(က) **သင်္ဂဟ။** သုဓမ္မသင်္ဂဟနှင့် ပြည်ထောင်စုစည်သူသင်္ဂဟဟူ၍ အဖွဲ့ ၂ ဖွဲ့ ခွဲခြားထားသည်။

(ခ) **ဘွဲ့။** တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့များနှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များဟူ၍ ခွဲခြားထားသည်။

(ဂ) **တံဆိပ်။** စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များဟူ၍ ခွဲခြားထား သည်။

**အခန်း(၄)**

**ချီးမြှင့်အပ်နှင်းရန် သတ်မှတ်သည့် သင်္ဂဟဘွဲ့များနှင့် အဆင့်များ**

၅။ နိုင်ငံတော်အတွက် ထူးကဲစွာဆောင်ရွက်သူများ၊ အကျိုးဆောင်သူများအားချီးမြှင့်အပ်နှင်းရန်အတွက် သင်္ဂဟအဖွဲ့ ၂ ဖွဲ့ထားရှိပြီး ယင်းတို့၏ အဆင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) **သုဓမ္မသင်္ဂဟဘွဲ့များ**

(၁) အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊

Myanmar Law Information System (MLIS)

(၂) သတိုးသီရိသုဓမ္မဘွဲ့၊

(၃) မဟာသီရိသုဓမ္မဘွဲ့။

**(ခ) ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

(၁) အဂ္ဂမဟာသရေစည်သူဘွဲ့၊

(၂) သတိုးမဟာသရေစည်သူဘွဲ့၊

(၃) မဟာသရေစည်သူဘွဲ့၊

(၄) သရေစည်သူဘွဲ့၊

(၅) စည်သူဘွဲ့။

## အခန်း(၅)

## ချီးမြှင့်အပ်နှင်းရန် သတ်မှတ်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် အဆင့်များ

၆။ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောင်ဆန်းသူရိယဘွဲ့၊

(ခ) သီဟသူရဘွဲ့၊

(ဂ) သူရဘွဲ့။

၇။ စွမ်းဆောင်မှုဆိုင်ရာဘွဲ့များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သီရိပျံချီဘွဲ့၊

(ခ) ဇေယျကျော်ထင်ဘွဲ့၊

(ဂ) ဝဏ္ဏကျော်ထင်ဘွဲ့၊

(ဃ) အလင်္ကာကျော်စွာဘွဲ့၊

(င) သိပ္ပကျော်စွာဘွဲ့။

## အခန်း(၆)

## ချီးမြှင့်အပ်နှင်းရန် သတ်မှတ်သည့် ဂုဏ်ထူးဆောင်တံဆိပ်များနှင့် အဆင့်များ

၈။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု၊ ယင်းအတွက်ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်တံဆိပ်များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

(၁) အောင်ဆန်းတံဆိပ်၊

(၂) သီဟဗလတံဆိပ်၊

Myanmar Law Information System (MLIS)

(၃) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်။

**(ခ) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

(၁) မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်၊

(၂) စစ်မှုထမ်းကောင်းတံဆိပ်၊

(၃) ပြည်သူ့သားကောင်းတံဆိပ်၊

(၄) နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊

(၅) ပြည်ပရန်နှိမ်တံဆိပ်၊

(၆) ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်။

၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု။ ယင်းအတွက်ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်တံဆိပ်များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ**

(၁) ရဲသီဟတံဆိပ်၊

(၂) ရဲသူရတံဆိပ်၊

(၃) ရဲဗလတံဆိပ်။

(ခ) **စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ**

(၁) ရဲသူရိန်တံဆိပ်၊

(၂) ရဲကျော်စွာတံဆိပ်၊

(၃) ရဲကျော်သူတံဆိပ်၊

(၄) ရဲမှုထမ်းကောင်းတံဆိပ်၊

(၅) နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊

(၆) မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ်။

၁၀။ **ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှု။** ယင်းအတွက် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင် တံဆိပ်များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊

(ခ) ပြည်သူ့ဝန်ထမ်းတံဆိပ်၊

(ဂ) ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်၊

(ဃ) နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်။

၁၁။ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းသည့်အခါ ပုံတူတံဆိပ်ငယ်နှင့် ဂုဏ်ပြုစာလွှာကိုပါ ချီးမြှင့်အပ်နှင်းမည်။

**အခန်း(၇)**

## ဂုဏ်ထူးဆောင်ဘွဲ့များဆိုင်ရာ အရည်အချင်းများ

၁၂။ **သုဓမ္မသင်္ဂဟဘွဲ့** များဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မ၊ သတိုးသီရိသုဓမ္မ၊ မဟာသီရိသုဓမ္မဘွဲ့များ အတွက် ပြည့်စုံရမည့် အရည်အချင်းမှာ နိုင်ငံတော်အတွက်ထူးကဲစွာအမှုထမ်းသူများ၊ အကျိုးဆောင် သူများဖြစ်ရမည်။ ယင်းသုဓမ္မသင်္ဂဟဘွဲ့ ၃ မျိုးကို အဆင့်အလိုက်ချီးမြှင့်ရာတွင် စွမ်းဆောင်မှုအတိုင်း အတာပေါ်မူတည်၍သတ်မှတ်ရမည်။

၁၃။ **ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့** များဖြစ်သော အဂ္ဂမဟာသရေစည်သူ၊ သတိုးမဟာသရေစည်သူ၊ မဟာသရေစည်သူ၊ သရေစည်သူ၊ စည်သူဘွဲ့များအတွက်အရည်အချင်းမှာ နိုင်ငံတော်အတွက် ထူးကဲစွာ အမှုထမ်းသူများ၊ အကျိုးဆောင်သူများဖြစ်ရမည်။ ယင်းပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့ ၅ မျိုးကို အဆင့် အလိုက် ချီးမြှင့်ရာတွင် စွမ်းဆောင်မှုအတိုင်းအတာပေါ်မူတည်၍ သတ်မှတ်ရမည်။

၁၄။ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များအား ချီးမြှင့်အပ်နှင်းမည့် အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့များအတွက် ပြည်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **အောင်ဆန်းသူရိယဘွဲ့။** အောက်ပါစွမ်းရည်သတ္တိအရည်အချင်းတစ်ရပ်ရပ်နှင့် ပြည်စုံသော တပ်အဖွဲ့အစည်း အလိုက်သော်လည်းကောင်း၊ တပ်မတော်သားတစ်ဦးချင်း အလိုက်သော်လည်းကောင်း အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်-

(၁) လက်တလောဖြစ်ပေါ်နေသော ကြီးမားသည့် စစ်ရေးအခက်အခဲ အကျဉ်းအကျပ်ကြောင့် အထူးနစ်နာထိခိုက်ဆုံးရှုံးရမည့် ထူးကဲသောအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရသော အခြေအနေမျိုးသို့ ဆိုက်ရောက်နေစဉ် တပ်အဖွဲ့အစည်း၏ စစ်ရေးအကျိုးငှာ မိမိအသက်ကို ပဓာနမထားဘဲစံတင်ထိုက် သည့် ရဲစွမ်းသတ္တိ၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးတို့ဖြင့် တာဝန်ကို ရဲဝံ့စွန့်စားစွာ တစ်ဦးတည်း ဆောင်ရွက်ခြင်း၊

(၂) ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရာ၌ မိမိအသက် ဘေးအန္တရာယ်ကို အလျဉ်းမငဲ့ကွက်ဘဲ မိမိထမ်းဆောင် ရမည့်တာဝန်ကိုခိုင်မြဲသောစိတ်ဓာတ်၊ မဆုတ်မနစ်သော ရဲစွမ်းသတ္တိတို့ဖြင့် ဂုဏ်ယူထိုက်သည့် ထူးကဲစွာ တာဝန်ထမ်းဆောင်မှုဖြစ်ခြင်း၊

(၃) မိမိအသက် ဘေးရန်အန္တရာယ်နှင့်တကွ အခြားသောကျရောက်နိုင်သည့် ဘေးရန်အန္တရာယ်များကို လျစ်လျူရှု၍ နိုင်ငံတော်၏ စစ်ရေးအကျိုးငှာ ရဲဝံ့စွန့်စားစွာ သက်စွန့်ကြိုးပမ်း ချီးမွမ်းဂုဏ်ပြုထိုက်သည့် တာဝန်ထမ်းဆောင်မှုဖြစ်ခြင်း၊

(၄) ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်စဉ်အတွင်း တပ်အဖွဲ့အစည်းအလိုက် ကြီးမားသောထိခိုက်ဆုံးရှုံးမှု အန္တရာယ်နှင့် တွေ့ကြုံရမည့် စစ်ရေးအခြေအနေမျိုးသို့ ဆိုက်ရောက်နေစဉ်တပ်အဖွဲ့အစည်းအလိုက် သက်ဆိုင်ရာ တပ်မတော်သားများက မိမိတို့၏ အသက်အန္တရာယ်ကို ဥပေက္ခာပြု၍ထူးကဲမြင့်မားသော စိတ်ဓာတ်တို့ဖြင့် ရဲဝံ့စွန့်စားတိုက်ခိုက်ကြခြင်း၊

Myanmar Law Information System (MLIS)

(၅) တပ်အဖွဲ့အစည်းအနေဖြင့် မိမိတို့၏ အသက်ဘေးအန္တရာယ်ကို လုံးဝမငဲ့ကွက်ဘဲ ပေးအပ်သည့် တာဝန်ကို ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ကြံ့ခိုင်သောစိတ်ဓာတ်တို့ဖြင့် ချီးမွမ်းဂုဏ်ပြုထိုက်သည့် တာဝန်ထမ်းဆောင်မှုဖြစ်ခြင်း။

(ခ) **သီဟသူရဘွဲ့**။ အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် အရည်အချင်းကို ရာနှုန်းပြည့်မမီသော်လည်းယင်းအရည်အချင်း နီးပါးမျှ ပြည့်စုံသော တပ်မတော်သားများအားသီဟသူရ ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

(ဂ) **သူရဘွဲ့**။ သီဟသူရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်သည့်အရည်အချင်းကို ရာနှုန်းပြည့် မမီသော် လည်း ယင်းအရည်အချင်းနီးပါးမျှ ပြည့်စုံသော တပ်မတော်သားများအား သူရဘွဲ့ကိုချီးမြှင့်အပ်နှင်း နိုင်သည်။

၁၅။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့် တွဲဖက်ပေးထားသော မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း စွမ်းရည် သတ္တိအတွက် သတ်မှတ်ထားသောအရည်အချင်းများ ပြည့်မီသည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်ပါ က အောင်ဆန်းသူရိယဘွဲ့ သို့မဟုတ် သီဟသူရဘွဲ့ သို့မဟုတ် သူရဘွဲ့ တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်ခွင့် ရှိသည်။

၁၆။ **သီရိပျံချီဘွဲ့**။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုဖြစ်ထွန်းအောင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်သောသူများအား သီရိပျံချီဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၇။ **ဇေယျကျော်ထင်ဘွဲ့**။ စစ်ဘက်ဆိုင်ရာ အမှုထမ်းကောင်းခြင်းအတွက်ဇေယျကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၈။ **ဝဏ္ဏကျော်ထင်ဘွဲ့**။ နယ်ဘက်ဆိုင်ရာ အမှုထမ်းကောင်းခြင်းအတွက် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့် အပ်နှင်းနိုင်သည်။

၁၉။ **အလင်္ကာကျော်စွာဘွဲ့**။ စာပေနှင့် အနုသုခုမပညာရပ်များတွင်ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများအား အလင်္ကာကျော်စွာဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၂၀။ **သိပ္ပကျော်စွာဘွဲ့**။ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင်ထူးကဲကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့်သူများအား သိပ္ပကျော်စွာဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

## အခန်း(၈)

## ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ အရည်အချင်းများ

၂၁။ **တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**။ ယင်းအတွက်ပြည့်စုံရမည့် အရည်အချင်းများမှာအောက်ပါအတိုင်းဖြစ်သည်-

(က) **အောင်ဆန်းတံဆိပ်**။ ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရသည့် တိုက်ပွဲတာဝန် မဟုတ်သော်လည်း အထက်မှပေးအပ်သော တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရာ၌ မိမိ၏အသက်ဘေးအန္တရာယ်ကို မငဲ့ကွက်ဘဲ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့်လည်းကောင်း၊ စံတင်ထိုက်သည့် စွမ်းရည်သတ္တိဖြင့်လည်းကောင်း ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(ခ) **သီဟဗလတံဆိပ်**။ အောင်ဆန်းတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခံထိုက်သည့် စွမ်းရည်သတ္တိအရည်အချင်း ရာနှုန်းပြည့် မမီ သော်လည်းယင်းအရည်အချင်း နီးပါးမျှ ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) **သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**။ သူရဘွဲ့ဖြင့် ဂုဏ်ပြုချီးမြှင့်အပ်နှင်းထိုက်သည့် အရည်အချင်း ရာနှုန်းပြည့် မမီသော်လည်း ရန်သူနှင့်ရင်ဆိုင် တိုက်ခိုက်ရာ၌ ကြံ့ခိုင်သောစိတ်ဓာတ်၊ ပြောင်မြောက် သောသူရသတ္တိဖြင့် မိမိတာဝန်ကို ထမ်းဆောင်ခြင်း၊

(ဃ) **မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်**။ အငြိမ်းစားလစာအတွက်ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက် ၃၅ နှစ် ပြည့်မြောက်ပြီးနိုင်ငံတော်နှင့်တပ်မတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍ အလုပ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြသော စစ်မှုထမ်းများဖြစ်ခြင်း၊ (စစ်မှုထမ်းသက်ဆိုရာတွင်ဖြတ်တောက် ခံရသောစစ်မှုထမ်းသက်များ၊ ပြစ်မှုဖြစ်ပွားသည့်ကာလအတွင်း ရာထူးချခံရသည့်ကာလများနှင့် ပြစ်ဒဏ်ကျခံရသည့် ကာလများကို ထည့်သွင်းရေတွက်ခြင်းမပြုရ) စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့် ခံရပြီးသူစစ်မှုထမ်းများဖြစ်ခြင်း၊

(င) **စစ်မှုထမ်းကောင်းတံဆိပ်**။ တပ်မတော်တွင် တာဝန်ဝတ္တရားများကိုကောင်းမွန်သော အကျင့် စာရိတ္တဖြင့် ကာလရှည်ကြာ ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ လျက်စစ်မှုထမ်းဆောင်ခဲ့ကြသည့် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသော အငြိမ်းစားစစ်မှုထမ်းများ အပါအဝင်စစ်မှုထမ်းများဖြစ်ခြင်း-

(၁) စစ်မှုထမ်းသက်(ကြည်း၊ရေ၊လေ)

(ကက) အရာရှိများသည် အနည်းဆုံး ၂၅ နှစ်ရှိခြင်း၊

(ခခ) စစ်သည်များသည် အနည်းဆုံးနှစ် ၂၀ ရှိခြင်း။

(၂) စစ်မှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း၊

(၃) ပြဋ္ဌာန်းခွင့်ပြုထားသည့် အမှတ်ပေးစနစ်အရ အရာရှိများသည် အနည်းဆုံး အမှတ် ၃၀ ရရှိခြင်း၊ စစ်သည်များသည် အနည်းဆုံး ၂၅ မှတ်ရရှိခြင်း၊

(၄) အငြိမ်းစားလစာအတွက်ရေတွက်ခွင့်ရှိသောစစ်မှုထမ်းသက်-

(ကက) အရာရှိများအတွက် ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက် (၁ နှစ် ၁ မှတ်နှုန်းဖြင့် အများဆုံး ၂၅ အထိ)၊

(ခခ) စစ်သည်များအတွက် ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက် (၁ နှစ် ၁ မှတ်နှုန်းဖြင့် အများဆုံး အမှတ် ၂၀ အထိ)။

(၅) ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များရရှိသည့်အတွက် ရေတွက်ခွင့်ရှိသောအမှတ်-

| | | | |
|---|---|---|---|
| (ကက) | အောင်ဆန်းသူရိယဘွဲ့ | …….. | ၁၂ မှတ် |
| (ခခ) | အောင်ဆန်းတံဆိပ် | …….. | ၁၀ မှတ် |
| (ဂဂ) | သီဟသူရဘွဲ့ | …….. | ၈ မှတ် |
| (ဃဃ) | သီဟဗလတံဆိပ် | …….. | ၆ မှတ် |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| (ငင) | သူရဘွဲ့ | …….. | ၅ မှတ် |
| (စစ) | သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် | …….. | ၃ မှတ် |
| (ဆဆ) | အရေးတော်ပုံတံဆိပ် | …….. | ၂ မှတ် |
| (ဇဇ) | လွတ်လပ်ရေးစည်းရုံးမှုတံဆိပ် | …….. | ၂ မှတ် |
| (ဈဈ) | လွတ်မြောက်ရေးတံဆိပ် | …….. | ၂ မှတ် |
| (ညည) | ပြည်သူ့သားကောင်းတံဆိပ် | …….. | ၂ မှတ် |
| (ဋဋ) | နိုင်ငံတော်စစ်မှုထမ်းတံဆိပ် | …….. | ၂ မှတ် |
| (ဌဌ) | ပြည်ပရန်နှိမ်တံဆိပ် | …….. | ၂ မှတ် |
| (ဍဍ) | ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ် | …….. | ၂ မှတ် |
| (ဎဎ) | စစ်မှုထမ်းကောင်းမှတ်တမ်းဝင် | …….. | ၂ မှတ် |
| (ဏဏ) | စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် | …….. | ၂ မှတ် |
| (တတ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် | …….. | ၂ မှတ် |
| (ထထ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် | …….. | ၂ မှတ် |
| (ဒဒ) | ပြည်ထောင်စုရွှေတံဆိပ် | …….. | ၆ မှတ် |
| (ဓဓ) | ပြည်ထောင်စုငွေတံဆိပ် | …….. | ၄ မှတ် |
| (နန) | ရဲမှုထမ်းကောင်းတံဆိပ် | …….. | ၃ မှတ် |
| (ပပ) | ရဲမှုထမ်းကောင်းတံဆိပ်(ပထမတန်း) | …….. | ၃ မှတ် |
| (ဖဖ) | ရဲမှုထမ်းကောင်းတံဆိပ်(ဒုတိယတန်း) | …….. | ၂ မှတ် |
| (ဗဗ) | ရဲသီဟတံဆိပ် | …….. | ၆ မှတ် |
| (ဘဘ) | ရဲသူရတံဆိပ် | …….. | ၄ မှတ် |
| (မမ) | ရဲဗလတံဆိပ် | …….. | ၃ မှတ် |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| (ယယ) | ရဲသူရိန်တံဆိပ် | …….. | ၃ မှတ် |
| (ရရ) | ရဲကျော်စွာတံဆိပ် | …….. | ၂ မှတ် |
| (လလ) | ရဲကျော်သူတံဆိပ် | …….. | ၂ မှတ် |
| (ဝဝ) | နိုင်ငံတော်ရဲမှုထမ်းတံဆိပ် | …….. | ၂ မှတ် |
| (သသ) | မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် | …….. | ၂ မှတ် |

(၆) သင်တန်းဆိုင်ရာတံဆိပ်များ

| | | | |
|---|---|---|---|
| (ကက) | နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ခခ) | စစ်ဦးစီးတက္ကသိုလ်သင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ဂဂ) | ခြေလျင်တပ်ရင်းမှူးသင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ဃဃ) | ခြေလျင်တပ်ခွဲမှူးသင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ငင) | ခြေလျင်တပ်စုမှူးသင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (စစ) | တပ်ရင်းအရာခံဗိုလ်သင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ဆဆ) | အကြပ်ကြီးသင်တန်းတံဆိပ် | …….. | ၂ မှတ် |
| (ဇဇ) | အကြပ်ငယ်သင်တန်းတံဆိပ် | …….. | ၂ မှတ် |

(စ) **ပြည်သူ့သားကောင်းတံဆိပ်**။ ၁၉၄၇ ခုနှစ်၊ မတ်လ ၁၇ရက်နေ့မှစတင်လျက် ပြည်တွင်း သောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုများချုပ်ငြိမ်းသည့်နေ့ဟူ၍ နိုင်ငံတော်က တရားဝင်ထုတ်ပြန် ကြေညာသည့် ကာလအတွင်း စစ်ဆင်ရေးများနှင့် နယ်မြေအလိုက် တိုက်ပွဲစဉ်များ၌ ရန်သူ့လက်ချက် ကြောင့် ခြေ၊ လက်၊ မျက်စိ စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ရပ်ရပ်ကို နိုင်ငံတော်အတွက် စွန့်လှူခဲ့ခြင်းနှင့်တိုက်ပွဲတွင်ရရှိသောဒဏ်ရာကြောင့် ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ ပျက်စီးချို့ယွင်းမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတစ်ခုခုသည်ဆေးခုံရုံးက ၆၀ ရာခိုင်နှုန်းနှင့်အထက် ဆုံးရှုံး သည်ဟု သတ်မှတ်ခံရခြင်း၊ (ပြည်သူ့သားကောင်းတံဆိပ်ကို တပ်မတော်သားများနှင့်အတူ ပါဝင်ခဲ့ကြ သော ဝန်ထမ်းများ၊ အရပ်သားများကိုပါချီးမြှင့်နိုင်သည်။)

(ဆ) **နိုင်ငံတော်စစ်မှုထမ်းတံဆိပ်**။ အောက်ဖော်ပြပါ စစ်ဆင်ရေးများတွင် သာမန်ထက် ထူးခြားပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်းပါဝင်တိုက်ခိုက် တာဝန်ထမ်းဆောင်ခဲ့ခြင်း-

Myanmar Law Information System (MLIS)

(၁) ၁၉၄၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၁၉၄၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့ကာလအတွင်း ရမည်းသင်းနှင့် တောင်ငူခရိုင်နယ်မြေဒေသများ၌ ဆင်နွှဲခဲ့သော FLUSH တိုက်ပွဲများတွင် ရက်ပေါင်း ၁၅ ရက်ပါဝင် ထမ်းဆောင်ခဲ့ခြင်း၊

သို့မဟုတ်

(၂) ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ရက်နေ့မှ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ ကာလအတွင်း ရခိုင်တိုင်း နယ်မြေဒေသ၌ ဆင်နွှဲခဲ့သည့် ရန်သူချေမှုန်းရေးတိုက်ပွဲများတွင် ရက်ပေါင်း ၃၀ ပါဝင်ထမ်းဆောင်ခဲ့ခြင်း၊

သို့မဟုတ်

(၃) ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ကာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံး၌ ပြည်တွင်းသောင်းကျန်းသူများအား နှိမ်နင်းရာတွင် ရက်ပေါင်း ၁၈၀ ပါဝင်ထမ်းဆောင်ခဲ့ခြင်း။

သို့မဟုတ်

(၄) ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ ပြည်တွင်း သောင်းကျန်းသူများအား နှိမ်နင်းရာတွင် ရက်ပေါင်း ၃၆၅ ရက် ပါဝင်ထမ်းဆောင်ခဲ့ခြင်း၊

(ဇ) **ပြည်ပရန်နှိမ်တံဆိပ်**။ အောက်ဖော်ပြပါ စစ်ဆင်ရေးများတွင်သက်စွန့်ကြိုးပမ်း ပါဝင်တိုက်ခိုက် တာဝန်ထမ်းဆောင်ခဲ့လျက် ယင်းစစ်ဆင်ရေးများအနက် စစ်ဆင်ရေးတစ်ရပ်ရပ်တွင်လည်းကောင်း၊ စစ်ဆင်ရေးတစ်ရပ်ထက်ပိုသော စစ်ဆင်ရေးများတွင်လည်းကောင်း-

(၁) စုစုပေါင်း တိုက်ပွဲဝင်ရက် ၁၅ ရက်ရှိခြင်း-

(ကက) ၁၉၅၃ ခုနှစ်၊ မတ်လမှ ၁၉၅၃ ခုနှစ်၊ ဧပြီလအတွင်းမိုင်းပန်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် နဂါးနိုင်စစ်ဆင်ရေး၊

(ခခ) ၁၉၅၃ ခုနှစ်၊ ဇွန်လမှ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ အတွင်းမိုင်းဆတ်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ဗန္ဓုလစစ်ဆင်ရေး၊

(ဂဂ) ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ပြုလုပ်ခဲ့သောမော်ချီးနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ချယ်ရီ စစ်ဆေးရေး၊

(ဃဃ) ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြုလုပ်ခဲ့သောဝမ်စလောင်းနှင့် ဂဒူးကြီးနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ယုဇနစစ်ဆင်ရေး၊

(ငင) ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၁၉၅၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ ကာလအတွင်း မိုင်းတုံ၊ မိုင်းပုနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ဘုရင့်နောင်စစ်ဆင်ရေး၊

(စစ) ၁၉၅၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ စတင်ပြုလုပ်ခဲ့သော သက်န်းညီနောင်၊ မြဝတီလမ်းခွဲနှင့် ထိုင်း-မြန်မာ နယ်စပ်ဒေသတစ်ဝိုက်၌ ပြုလုပ်ခဲ့သည့်ဆင်ဖြူရှင်စစ်ဆင်ရေး၊

(ဆဆ) ၁၉၅၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ကာလအတွင်း လွယ်လန်းနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေး၊

Myanmar Law Information System (MLIS)

(ဇဇ) ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ကာလအတွင်း ကျိုင်းတုံခရိုင်၊ ကျိုင်းလပ်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့်မဲခေါင်စစ်ဆင်ရေး၊

(ဈဈ) အထက်ပါ စစ်ဆင်ရေးများအပြင် ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံ တစ်ဝန်းလုံးတွင် ပြုလုပ်ခဲ့သည့် ပြည်ပရန်နှိမ် စစ်ဆင်ရေးများ၊

(၂) အပိုဒ်ခွဲငယ် ၁ ပါစစ်ဆင်ရေးကာလအတွင်း တပ်မတော်တွင် စစ်မှုထမ်းဆောင်လျက်ရှိခြင်း။

(ဈ) **ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်**

(၁) အောက်ဖော်ပြပါ စစ်ဆင်ရေးများတွင် သာမန်ထက် ထူးခြားပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်း ပါဝင်တိုက်ခိုက်တာဝန်ထမ်းဆောင်ခဲ့ခြင်း-

(ကက) ၁၉၆၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ကာလအတွင်းပင်လယ် ဘူး၊ ဂဒူး၊ ဗန်းမောက်/ ဂဏန်းနယ်မြေနှင့်ထီးချိုင့်/ ကောလင်း/ ဝန်းသိုနယ်မြေများ၌ ပြုလုပ်ခဲ့သည့် ဂဏန်းစစ်ဆင်ရေး၊

(ခခ) ၁၉၆၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၉၆၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၄ ရက်နေ့ကာလအတွင်း သာပေါင်းနှင့် ဓနုဖြူနယ်မြေဒေသများ၌ ပြုလုပ်ခဲ့သည့် မိုးဟိန်းစစ်ဆေးရေး၊

(ဂဂ) ၁၉၆၉ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကာလအတွင်း မြောင်းမြခရိုင်၊ သိလ္လာ၊ ကျုံပျော်၊ ဓနုဖြူ ၊ ငပုတော၊ လေးမျက်နှာ၊ ကြံခင်းနယ်မြေဒေသများ၌ ပြုလုပ်ခဲ့သည့် ရွှေလင်းယုန်စစ်ဆင်ရေး၊

(ဃဃ) ၁၉၆၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ စတင်ပြုလုပ်ခဲ့သော မှော်ဘီ/ ပဲခူး နယ်မြေဒေသများ၌ ပြုလုပ်ခဲ့သည့် အလင်းရောင်စစ်ဆင်ရေး၊

(ငင) ၁၉၇၀ ပြည့်နှစ်၊ မေလ ၂၅ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ ကာလအတွင်းအုတ်တွင်းနယ်မြေဒေသများ၌ ပြုလုပ်ခဲ့သည့်အလင်းရောင်အဆင့် (၂) စစ်ဆင်ရေး၊

(စစ) ၁၉၇၀ ပြည့်နှစ်၊ သြဂုတ်လ ၂၄ ရက်နေ့မှ ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ကာလ အတွင်း ကကရိတ်မြစ်၊ ချောင်းသာ၊ ကျွန်းပြဿဒ်၊ ကျောက်ချောင်းကြီး၊ ရေကျော်ချောင်းဝ ပင်လယ်ကမ်း မှ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်စပ်အတိုင်းချောင်းသာဒေသ အထိ ပါဝင်သော နယ်မြေဒေသ၌ပြုလုပ်ခဲ့သည့် ရွှေလဝန်းစစ်ဆင်ရေး၊

(ဆဆ) ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ကာလအတွင်း ပဲခူးခရိုင်၊ ပဲခူးရိုးမနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့်အလင်းရောင်စစ်ဆင်ရေး၊

(ဇဇ) ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ကာလအတွင်းဖဒို နယ်မြေဒေသ၌ ပြုလုပ်ခဲ့သော အလင်းရောင်အဆင့်(၂) စစ်ဆင်ရေး၊

(ဈဈ) ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ကာလအတွင်း ဒိုက်ဦးအနောက်ခြမ်း နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် အလင်းရောင်အဆင့် (၂) စစ်ဆင်ရေး၊

(ညည) ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ကာလအတွင်း ဇလွန်မြို့နယ်ဒေသ၌ ပြုလုပ်ခဲ့သည့် ရောမင်းစစ်ဆင်ရေး၊

Myanmar Law Information System (MLIS)

(ဋဋ) ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ ကာလအတွင်းဖျာပုံခရိုင်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ထော်ပိုင်စစ်ဆင်ရေး၊

(ဌဌ) ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ကာလအတွင်း ပဲခူးရိုးမနယ်မြေ၌ ပြုလုပ်ခဲ့သည့် အောင်စိုးမိုးစစ်ဆင်ရေး၊

(ဍဍ) ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၇၃ ခုနှစ်၊ မတ်လ ကာလအတွင်း သရက်အရှေ့ခြမ်း နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် အလင်းရောင်အဆင့် (၂) စစ်ဆင်ရေး၊

(ဎဎ) ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉၇၂ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ကာလအတွင်းပုသိမ်အရှေ့ပိုင်းနယ်မြေ၌ ပြုလုပ်ခဲ့သည့် ဒေသန္တရစစ်ဆင်ရေး၊

(ဏဏ) ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်မေလ ၁၅ ရက်နေ့ ကာလအတွင်း ကြံခင်း၊ ဟင်္သာတနယ်မြေ၌ ပြုလုပ်ခဲ့သော တိုင်းလုံးအောင်စစ်ဆင်ရေး၊

(တတ) အထက်ပါစစ်ဆင်ရေးများအပြင် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ စ၍ နိုင်ငံတော် တစ်ဝန်းလုံး၌ ပြုလုပ်ခဲ့သည့် တပ်မတော်နှင့် ပြည်သူ့စစ် စစ်ဆင်ရေးများ၊

(၂) အပိုဒ်ခွဲငယ် ၁ ပါစစ်ဆင်ရေးကာလအတွင်း တပ်မတော်တွင် စစ်မှုထမ်းဆောင်လျက်ရှိခြင်း။

၂၂။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့် တွဲဖက်ပေးထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်း များနှင့် ပြည်သူများကိုလည်း စွမ်းရည်သတ္တိအတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်မီသည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်လျှင် အောင်ဆန်းတံဆိပ် သို့မဟုတ် သီဟဗလတံဆိပ် သို့မဟုတ် သူရဲကောင်းမှတ် တမ်းဝင်တံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်ခွင့်ရှိသည်။

၂၃။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**။ ယင်းအတွက်ပြည်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ရဲသီဟတံဆိပ်**။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရာ၌ မိမိ၏အသက်အန္တရာယ်ကိုမငဲ့ကွက်ဘဲ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့်လည်းကောင်း၊ စံတင်ထိုက်သော စွမ်းရည်ဖြင့်လည်းကောင်း၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းမျိုးဖြင့်လည်းကောင်း ထူးချွန်စွာဆောင်ရွက် ခြင်း၊

(ခ) **ရဲသူရတံဆိပ်**။ ရဲသီဟတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခံထိုက်သည့်စွမ်းရည်သတ္တိ ရာနှုန်းပြည့် မမီသော်လည်း ယင်းအရည်အချင်း နီးပါးမျှထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(ဂ) **ရဲဗလတံဆိပ်**။ ရဲသူရတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခံထိုက်သည့်စွမ်းရည်သတ္တိ ရာနှုန်းပြည့် မမီသော်လည်း ယင်းအရည်းအချင်း နီးပါးမျှထူးချွန်စွာ ဆောင်ရွက်ခြင်း။

၂၄။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များ**။ ယင်းအတွက်ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) **ရဲသူရိန်တံဆိပ်**။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်တစ်ရပ်ရပ် ကို ထမ်းဆောင်ရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုလုံးအတွက် စံပြဖြစ်ထိုက်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးစွာဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုဖြစ်ခြင်း၊

(ခ) **ရဲကျော်စွာတံဆိပ်**။ ရဲသူရိန်တံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခံထိုက်သည့် စွမ်းဆောင်မှု အရည်အချင်း ရာနှုန်းပြည့် မမီသော်လည်း ယင်းအရည်အချင်းနီးပါးမျှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုဖြစ်ခြင်း၊

(ဂ) **ရဲကျော်သူတံဆိပ်**။ ရဲကျော်စွာတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခံထိုက်သည့် စွမ်းဆောင်မှု အရည်အချင်း ရာနှုန်းပြည့် မမီသော်လည်း ယင်းအရည်အချင်းနီးပါးမျှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုဖြစ်ခြင်း၊

(ဃ) **ရဲမှုထမ်းကောင်းတံဆိပ်**။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ဝတ္တရားများကို ကောင်းမွန်သော အကျင့်စာရိတ္တဖြင့် ကာလရှည်ကြာကျေပွန်စွာ ထမ်းဆောင်ပြီး နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိ ရိုသေလျက် အမှုထမ်းဆောင်ခဲ့ကြသည့် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသော အငြိမ်းစားရဲတပ်ဖွဲ့ဝင်များ အပါအဝင် ရဲတပ်ဖွဲ့ဝင်များဖြစ်ခြင်း-

(၁) ရဲမှုထမ်းသက် အနည်းဆုံး ၂၅ နှစ်ရှိခြင်း၊

(၂) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း၊

(၃) အောက်ပါပြဋ္ဌာန်းခွင့်ပြုထားသည့် အမှတ်ပေးစနစ်အရ စုစုပေါင်း အနည်းဆုံး အမှတ် ၃၀ ရရှိခြင်း-

(កក) အငြိမ်းစားလစာအတွက် ရေတွက်ခွင့်ရှိသောရဲမှုထမ်းသက် (၁ နှစ် ၁ မှတ်နှုန်းနှင့် အများဆုံး ၂၅ မှတ်အထိ)၊

(ခခ) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိ ဘွဲ့/ တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ

| | | | |
|---|---|---|---|
| (၁) | အောင်ဆန်းသူရိယဘွဲ့ | .... | ၁၂ မှတ် |
| (၂) | အောင်ဆန်းတံဆိပ် | .... | ၁၀ မှတ် |
| (၃) | သီဟသူရဘွဲ့ | .... | ၈ မှတ် |
| (၄) | သီဟဗလတံဆိပ် | .... | ၆ မှတ် |
| (၅) | သူရဘွဲ့ | .... | ၅ မှတ် |
| (၆) | သူရဲကောင်းမှတ်တမ်း ဝင်တံဆိပ် | .... | ၃ မှတ် |
| (၇) | စစ်မှုထမ်းကောင်းတံဆိပ် | .... | ၃ မှတ် |
| (၈) | အရေးတော်ပုံတံဆိပ် | .... | ၂ မှတ် |

(၉) လွတ်လပ်ရေးစည်းရုံးမှု တံဆိပ် .... ၂ မှတ်

(၁၀) လွတ်မြောက်ရေးတံဆိပ် .... ၂ မှတ်

(၁၁) ပြည်သူ့သားကောင်းတံဆိပ် .... ၂ မှတ်

(၁၂) နိုင်ငံတော်စစ်မှုထမ်းတံဆိပ် .... ၂ မှတ်

(၁၃) ပြည်ပရန်နှိမ်တံဆိပ် .... ၂ မှတ်

(၁၄) ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ် .... ၂ မှတ်

(၁၅) စစ်မှုထမ်းကောင်း မှတ်တမ်းဝင် .... ၂ မှတ်

(၁၆) စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် .... ၂ မှတ်

(၁၇) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏သူရဲကောင်း လက်မှတ် .... ၂ မှတ်

(၁၈) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဂုဏ်ထူးဆောင် လက်မှတ် .... ၂ မှတ်

(ဂဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိတံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ (ယခင်က ချီးမြှင့်ခဲ့သည့် တံဆိပ်များ)၊

(၁) ပြည်ထောင်စုရွှေတံဆိပ် ... ၆ မှတ်

(၂) ပြည်ထောင်စုငွေတံဆိပ် .... ၄ မှတ်

(၃) ရဲမှုထမ်းကောင်းတံဆိပ် (ပထမတန်း) .... ၃ မှတ်

(၄) ရဲမှုထမ်းကောင်းတံဆိပ် (ဒုတိယတန်း) .... ၂ မှတ်

(ဃဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုတံဆိပ်များအတွက် ခွင့်ပြုသည့် အမှတ်များ

(၁) ရဲသီဟတံဆိပ် .... ၆ မှတ်

(၂) ရဲသူရတံဆိပ် .... ၄ မှတ်

(၃) ရဲဇလတံဆိပ် .... ၃ မှတ်

Myanmar Law Information System (MLIS)

(၄) ရဲသူရိန်တံဆိပ် .... ၃ မှတ်

(၅) ရဲကျော်စွာတံဆိပ် .... ၂ မှတ်

(၆) ရဲကျော်သူတံဆိပ် .... ၂ မှတ်

(၇) နိုင်ငံတော်ရဲမှုထမ်းတံဆိပ် .... ၂ မှတ်

(၈) မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲ ဝင်တံဆိပ် .... ၂ မှတ်

(၉) ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေ စိုးမိုးရေးတံဆိပ် .... ၂ မှတ်

(၁၀) နိုင်ငံတော်အေးချမ်းသာယာ ရေးတံဆိပ် .... ၂ မှတ်

(ငင) ဂုဏ်ထူးဆောင်လက်မှတ်နှင့် အမှုထမ်းကောင်းလက်မှတ်များအတွက် ခွင့်ပြုသည့်အမှတ်များ

(၁) ရဲချုပ်၏ဂုဏ်ထူးဆောင် လက်မှတ်နှင့်ဆု .... ၂ မှတ်

(၂) ရဲချုပ်၏ဂုဏ်ထူးဆောင် လက်မှတ် .... ၂ မှတ်

(၃) ရဲချုပ်၏အမှုထမ်းကောင်း လက်မှတ် .... ၂ မှတ်

(င) **နိုင်ငံတော်ရဲမှုထမ်းတံဆိပ်**

(၁) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ရဲမှုထမ်းသက် အနည်းဆုံး ၁၅ နှစ်ရှိခြင်း၊

(၂) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍ အလုပ်တာဝန် ကိုကျေပွန်စွာထမ်းဆောင်ခဲ့ခြင်း၊

(၃) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူ ဖြစ်ခြင်း။

(စ) **မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်**

(၁) အောက်ပါတပ်မတော်မှပြုလုပ်သော စစ်ဆင်ရေးကာလနှင့် ဒေသများတွင် တပ်မတော်နှင့်ပူးတွဲ၍ စစ်ဆင်ရေးတွင်ပါဝင်ဆောင်ရွက်ခြင်း၊ စစ်ဆင်ရေးဒေသဆိုင်ရာမြို့နယ်များတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း-

(ကက) ၁၉၅၃ ခုနှစ် မတ်လမှ ၁၉၅၃ ခုနှစ်ဧပြီလအတွင်း မိုင်းပန်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သော နဂါးနိုင်စစ်ဆင်ရေးကာလအတွင်း (ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်)၊

(ခခ) ၁၉၅၃ ခုနှစ် ဇွန်လမှ ၁၉၅၃ ခုနှစ်စက်တင်ဘာလအတွင်း မိုင်းဆတ်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့်ဗန္ဓုလစစ်ဆင်ရေး ကာလအတွင်း (ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်)၊

(ဂဂ) ၁၉၅၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပြုလုပ်သော မော်ချီးနယ်မြေ ဒေသ၌ပြုလုပ်ခဲ့သည့် ချယ်ရီစစ် ဆင်ရေး ကာလအတွင်း (ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်)၊

(ဃဃ) ၁၉၅၄ ခုနှစ် ဇန်နဝါရီလမှ စတင်ပြုလုပ်ခဲ့သောဝမ်းစလောင်းနှင့် ဂဒူးနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့်ယုဇနစစ်ဆင်ရေး ကာလအတွင်း (ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်)၊

(ငင) ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၁၉၅၄ ခုနှစ်ဧပြီလ ၂၅ ရက်နေ့ကာလအတွင်းမိုင်းတုံ၊ မိုင်းပုနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ဘုရင့်နောင်စစ်ဆင်ရေး ကာလအတွင်း (ရှမ်းပြည်နယ်၊ မိုင်းတုံ၊ မိုင်းပြင်းမြို့နယ်)၊

(စစ) ၁၉၅၄ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ စတင်ပြုလုပ်ခဲ့သော သင်္ကန်းညီနောင်၊ မြဝတီလမ်းခွဲနှင့် ထိုင်း-မြန်မာနယ်စပ် ဒေသတစ်ဝိုက်၌ ပြုလုပ်ခဲ့သည့် ဆင်ဖြူရှင်စစ်ဆင်ရေး ကာလအတွင်း (ကရင်ပြည် နယ်၊ မြဝတီမြို့နယ်)၊

(ဆဆ) ၁၉၅၅ ခုနှစ် ဧပြီလ ၃ ရက်နေ့မှ ၁၉၅၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ ကာလအတွင်း လွယ်လန်းနယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေး ကာလအတွင်း (ရှမ်းပြည်နယ်၊ မိုင်းတုံမြို့ နယ်)၊

(ဇဇ) ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၉၆၁ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ကာလအတွင်း ကျိုင်းတုံခရိုင်၊ ကျိုင်းလပ်နယ်မြေဒေသ၌ ပြုလုပ်ခဲ့သည့် မဲခေါင်စစ်ဆင်ရေး ကာလအတွင်း (ရှမ်းပြည် နယ်၊ မိုင်းယောင်းမြို့နယ်)၊

(၂) ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ တပ်မတော် စစ်ဆင်ရေးကြီးများ ပြုလုပ်ရာနယ်မြေများတွင် အနည်းဆုံး ၆ လထက်မနည်း တာဝန်ထမ်းဆောင်ခဲ့ခြင်း။

၂၅။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ကို တွဲဖက်ထမ်းဆောင်သော တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများအား သတ်မှတ်ထားသော အရည်အချင်းများ ပြည့်မီသည်အထိ စွမ်းစွမ်းတမံဆောင်ရွက်လျှင် မြန်မာနိုင်ငံရဲစွမ်းရည်သတ္တိတံဆိပ်များဖြစ်သော ရဲသီဟတံဆိပ် သို့မဟုတ် ရဲသူရတံဆိပ် သို့မဟုတ် ရဲဗလတံဆိပ် တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်ခွင့်ရှိသည်။

၂၆။ ထိုနည်းတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ကို တွဲဖက်ထမ်းဆောင်သော တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများအား သတ်မှတ်ထားသောအရည်အချင်းများ ပြည့်မီသည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်လျှင် မြန်မာနိုင်ငံရဲစွမ်းဆောင်မှုတံဆိပ်များဖြစ်သော ရဲသူရိန်တံဆိပ် သို့မဟုတ် ရဲကျော်စွာတံဆိပ် သို့မဟုတ် ရဲကျော်သူတံဆိပ် တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်ခွင့်ရှိသည်။

၂၇။ **ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုတံဆိပ်များ။** ယင်းအတွက် ပြည့်စုံရမည့်အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်။** တာဝန်ဝတ္တရားများကို ကောင်းမွန်သော အကျင့်စာရိတ္တဖြင့် ကာလရှည်ကြာ ကျေပွန်စွာ ထမ်းဆောင်ပြီးနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြသည့် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသော အငြိမ်းစားဝန်ထမ်းများ အပါအဝင် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း-

(၁) အမှုထမ်းသက် အနည်းဆုံး ၂၆ နှစ်ရှိခြင်း၊

(၂) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူဖြစ်ခြင်း၊

(၃) အောက်ပါပြဋ္ဌာန်းခွင့်ပြုထားသည့် အမှတ်ပေးစနစ်အရစုစုပေါင်း အနည်းဆုံး အမှတ် ၃၀ ရရှိခြင်း

(ကက) ရေတွက်ခွင့်ရှိသော အမှုထမ်းသက် (၁ နှစ် ၁ မှတ်နှုန်းဖြင့် အများဆုံး ၂၆ မှတ်အထိ)

(ခခ) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့တံဆိပ်များ အတွက်ခွင့်ပြုသည့်အမှတ်များ

| | | | |
|---|---|---|---|
| (၁) | အောင်ဆန်းသူရိယဘွဲ့ | ..... | ၁၂ မှတ် |
| (၂) | အောင်ဆန်းတံဆိပ် | ..... | ၁၀ မှတ် |
| (၃) | သီဟသူရဘွဲ့ | ..... | ၈ မှတ် |
| (၄) | သီဟဗလတံဆိပ် | ...... | ၆ မှတ် |
| (၅) | သူရဘွဲ့ | ..... | ၅ မှတ် |
| (၆) | သူရဲကောင်းမှတ်တမ်း ဝင်တံဆိပ် | ..... | ၃ မှတ် |
| (၇) | စစ်မှုထမ်းကောင်းတံဆိပ် | ..... | ၃ မှတ် |
| (၈) | အရေးတော်ပုံတံဆိပ် | ..... | ၂ မှတ် |
| (၉) | လွတ်လပ်ရေးစည်းရုံးမှု တံဆိပ် | ..... | ၂ မှတ် |
| (၁၀) | လွတ်မြောက်ရေးတံဆိပ် | ..... | ၂ မှတ် |
| (၁၁) | ပြည်သူ့သားကောင်းတံဆိပ် | ..... | ၂ မှတ် |
| (၁၂) | နိုင်ငံတော်စစ်မှုထမ်းတံဆိပ် | ..... | ၂ မှတ် |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| (၁၃) | ပြည်ပရန်နှိမ်တံဆိပ် | ..... | ၂ မှတ် |
| (၁၄) | ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ် | ..... | ၂ မှတ် |
| (၁၅) | စစ်မှုထမ်းကောင်း မှတ်တမ်းဝင် | ..... | ၂ မှတ် |
| (၁၆) | စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် | ..... | ၂ မှတ် |
| (၁၇) | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏သူရဲကောင်း လက်မှတ် | ..... | ၂ မှတ် |
| (၁၈) | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဂုဏ်ထူးဆောင် လက်မှတ်နှင့်ဆု | ..... | ၂ မှတ် |

(၃) ရဲတပ်ဖွဲ့ဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ။ (ယခင်ကချီးမြှင့်ခဲ့ သည့်တံဆိပ်များ)

| | | | |
|---|---|---|---|
| (ကက) | ပြည်ထောင်စုရွှေတံဆိပ် | ..... | ၆ မှတ် |
| (ခခ) | ပြည်ထောင်စုငွေတံဆိပ် | ..... | ၆ မှတ် |
| (ဂဂ) | ရဲမှုထမ်းကောင်းတံဆိပ် (ပထမတန်း) | ..... | ၃ မှတ် |
| (ဃဃ) | ရဲမှုထမ်းကောင်းတံဆိပ် (ဒုတိယတန်း) | ..... | ၂ မှတ် |

(၄) ရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ

| | | | |
|---|---|---|---|
| (ကက) | ရဲသီဟတံဆိပ် | ..... | ၆ မှတ် |
| (ခခ) | ရဲသူရတံဆိပ် | ..... | ၄ မှတ် |
| (ဂဂ) | ရဲဇလတံဆိပ် | ..... | ၃ မှတ် |
| (ဃဃ) | ရဲသူရိန်တံဆိပ် | ..... | ၃ မှတ် |
| (ငင) | ရဲမှုထမ်းကောင်းတံဆိပ် | ..... | ၃ မှတ် |
| (စစ) | ရဲကျော်စွာတံဆိပ် | ..... | ၂ မှတ် |
| (ဆဆ) | ရဲကျော်သူတံဆိပ် | ..... | ၂ မှတ် |
| (ဇဇ) | နိုင်ငံတော်ရဲမှုထမ်းတံဆိပ် | ..... | ၂ မှတ် |

Myanmar Law Information System (MLIS)

(ဈဈ) မြန်မာနိုင်ငံပူးတွဲတိုက်ပွဲဝင်တံဆိပ် ..... ၂ မှတ်

(ညည) ရဲချုပ်၏ဂုဏ်ထူးဆောင်လက်မှတ် နှင့်ဆု ..... ၂ မှတ်

(၅) ပြည်သူ့ဝန်ထမ်းများဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ခွင့်ပြုသည့်အမှတ်များ

(ကက) ပြည်သူ့ဝန်ထမ်းတံဆိပ် ..... ၂ မှတ်

(ခခ) ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေ စိုးမိုးရေးတံဆိပ် ..... ၂ မှတ်

(ဂဂ) နိုင်ငံတော်အေးချမ်းသာယာရေး တံဆိပ် ..... ၂ မှတ်

(၆) ဗဟိုအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်က ချီးမြှင့်သော ဂုဏ်ထူးဆောင်လက်မှတ် (သို့မဟုတ်) ဆု ..... ၂ မှတ်

(၇) လွတ်လပ်ရေး မော်ကွန်းဝင်တံဆိပ်အတွက် ခွင့်ပြုသည့်အမှတ်များ-

(ကက) လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့် ..... ၆ မှတ်

(ခခ) လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ..... ၄ မှတ်

(ဂဂ) လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ..... ၂ မှတ်

(ခ) **ပြည်သူ့ဝန်ထမ်းတံဆိပ်**

(၁) အမှုထမ်းသက်အနည်းဆုံး ၁၅ နှစ်ရှိခြင်း၊

(၂) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍အလုပ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်း၊

(၃) အမှုထမ်းခဲ့သည့်ကာလအတွင်း ပြစ်မှုလုံးဝကင်းရှင်းသူ ဖြစ်ခြင်း။

(ဂ) ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်။ ၁၉၄၈ ခုနှစ်ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင် ရွက်ခဲ့ရာတွင် ပြည်သူ့ဝန်ထမ်းအဖြစ်အနည်းဆုံး ၂ နှစ်တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဝန်ထမ်း များအပါအဝင် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း၊ (ဤတံဆိပ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလည်း အကျုံးဝင်သည်။)

(ဃ) **နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်။** နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်အတွက် ပြည့်စုံ ရမည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(၁) ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ထိကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ခြင်း၊

(၂) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍ အလုပ်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်ခြင်း၊ (ဤတံဆိပ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလည်း အကျုံး ဝင်သည်။)

<ပြင်ဆင် 10.12.2012>

## အခန်း (၉)

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ထပ်ဆင့်ချီးမြှင့်ခြင်း

၂၈။ အောက်ဖော်ပြပါ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့နှင့် တံဆိပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိတံဆိပ်နှင့် စွမ်းဆောင်မှုတံဆိပ်များကို ပုဂ္ဂိုလ်တစ်ဦးအား တစ်မျိုးထက်ပို၍ ချီးမြှင့်အပ် နှင်းနိုင်သည်-

(က) **တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များ**

(၁) အောင်ဆန်းသူရိယဘွဲ့၊

(၂) သီဟသူရဘွဲ့၊

(၃) သူရဘွဲ့။

(ခ) **တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိတံဆိပ်များ**

(၁) အောင်ဆန်းတံဆိပ်၊

(၂) သီဟဗလတံဆိပ်၊

(၃) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်။

(ဂ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိတံဆိပ်များ**

(၁) ရဲသီဟတံဆိပ်၊

(၂) ရဲသူရတံဆိပ်၊

(၃) ရဲဗလတံဆိပ်။

(ဃ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုတံဆိပ်များ**

(၁) ရဲသူရိန်တံဆိပ်၊

(၂) ရဲကျော်စွာတံဆိပ်၊

(၃) ရဲကျော်သူတံဆိပ်။

၂၉။ အပိုဒ် ၂၈ တွင်ဖော်ပြထားသော ဘွဲ့တစ်ခုခု သို့မဟုတ် တံဆိပ်တစ်ခုခုကိုချီးမြှင့်အပ်နှင်းခြင်း ခံရပြီးသောပုဂ္ဂိုလ်တစ်ဦးဦးသည် အဆိုပါဘွဲ့ သို့မဟုတ် တံဆိပ်မျိုးကိုပင် ထပ်မံချီးမြှင့်ခြင်းခံရပါက အလားတူ ဘွဲ့ သို့မဟုတ် တံဆိပ်၏အဆောင်အယောင်ဘွဲ့/ တံဆိပ်ကိုထပ်မံချီးမြှင့်မည်။

Myanmar Law Information System (MLIS)

## အခန်း (၁၀)

## တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့များအတွက် ငွေကြေးချီးမြှင့်ခြင်း

၃၀။ စွမ်းရည်သတ္တိဘွဲ့များဖြစ်သော အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့တစ်ခုခု ချီးမြှင့်အပ် နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များသည် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ၊ လစဉ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိ သည်။ ချီးမြှင့်ငွေကို နိုင်ငံတော်က အမိန့်ထုတ်ပြန် သတ်မှတ်ပေးရမည်။

၃၁။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များဖြစ်သော အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့ တစ်ခုခု ချီးမြှင့်အပ်နှင်းခြင်းခံရပြီးသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းစွမ်းရည်သတ္တိဘွဲ့တစ်ခုခုကို ထပ်မံချီး မြှင့်ခြင်းခံရပါက ထပ်မံချီးမြှင့်ခြင်းခံရသည့် စွမ်းရည်သတ္တိဘွဲ့အတွက် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေတို့ကို မူလအတိုင်းထပ်မံခံစားခွင့်ရှိသည်။

၃၂။ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့အတွက် လစဉ်ချီးမြှင့်ငွေရရှိသူ တစ်ဦးသည် ယင်းလစဉ်ချီးမြှင့် ငွေကို မိမိကွယ်လွန်သည်အထိ ခံစားခွင့်ရှိသည့်အပြင် မိသားစုအငြိမ်းစားလစာ ခံစားခွင့်ရှိသူကလည်း အဆိုပါလစဉ်ချီးမြှင့်ငွေကို ဆက်လက်ခံစားခွင့်ရှိသည်။

၃၃။ **အောင်ဆန်းသူရိယဘွဲ့** အတွက်ချီးမြှင့်သောငွေကြေးမှာ ပုဂ္ဂိုလ်အတွက်သာဖြစ်၍ တပ်အဖွဲ့အစည်း များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

## အခန်း (၁၁)

## ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ငွေကြေးချီးမြှင့်ခြင်း

၃၄။ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိတံဆိပ်များဖြစ်သော အောင်ဆန်းတံဆိပ်၊ သီဟဗလတံဆိပ်နှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်များအတွက် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၅။ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်ခံရသော စစ်မှုထမ်းများအား တပ်မတော်မှ အငြိမ်းစား ယူပါက (ထုတ်ပယ်ခံရသူများမပါ) အငြိမ်းစားလစာစတင်ခံစားရသည်နှင့် တစ်ပြိုင်တည်း လစာအပြင် လစဉ်ချီးမြှင့်ငွေကို မိမိကွယ်လွန်သည်အထိလည်းကောင်း၊ ကွယ်လွန်ပြီးသည့်နောက် မိသားစုအငြိမ်းစား လစာဆက်လက်ခံစားခွင့်ရှိသူကလည်းကောင်း ခံစားခွင့်ရှိသည်။

၃၆။ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် စစ်မှုထမ်းသည် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၇။ ပြည်သူ့သားကောင်းတံဆိပ် ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၈။ မြန်မာနိုင်ငံတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိတံဆိပ်များဖြစ်သော ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်နှင့် ရဲဗလတံဆိပ်များအတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၉။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိတံဆိပ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရပြီးသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းစွမ်းရည်သတ္တိတံဆိပ်တစ်ခုခုကို ထပ်မံချီးမြှင့်ခြင်းခံရပါက ထပ်မံချီးမြှင့်ခံရသည့် စွမ်းရည်သတ္တိတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို မူလအတိုင်း ထပ်မံခံစားခွင့်ရှိသည်။

၄၀။ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ရဲမှုထမ်းသည် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၄၁။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝန်ထမ်းသည် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၄၂။ ဤအခန်းပါတစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့်လစဉ်ချီးမြှင့်ငွေများကို နိုင်ငံတော်က အမိန့်ထုတ်ပြန် သတ်မှတ်ပေးရမည်။

## အခန်း (၁၂)

## ပုဂ္ဂိုလ်အမည်နှင့်တွဲ၍ သုံးနိုင်သော ဂုဏ်ထူးဆောင်ဘွဲ့များ

၄၃။ အောက်ဖော်ပြပါ သုဓမ္မသင်္ဂဟာဘွဲ့များ၊ ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့များ၊ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့များနှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်၏အမည်နှင့်တွဲ၍ အသုံးပြုခွင့်ရှိသည်-

(က) အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊

(ခ) သတိုးသီရိသုဓမ္မဘွဲ့၊

(ဂ) မဟာသီရိသုဓမ္မဘွဲ့၊

(ဃ) အဂ္ဂမဟာသရေစည်သူဘွဲ့၊

(င) သတိုးမဟာသရေစည်သူဘွဲ့၊

(စ) မဟာသရေစည်သူဘွဲ့၊

(ဆ) သရေစည်သူဘွဲ့၊

(ဇ) စည်သူဘွဲ့၊

(ဈ) အောင်ဆန်းသူရိယဘွဲ့၊

(ည) သီဟသူရဘွဲ့၊

(ဋ) သူရဘွဲ့၊

(ဌ) သီရိပျံချီဘွဲ့၊

(ဍ) ဇေယျကျော်ထင်ဘွဲ့၊

(ဎ) ဝဏ္ဏကျော်ထင်ဘွဲ့၊

(ဏ) အလင်္ကာကျော်စွာဘွဲ့၊

(တ) သိပ္ပကျော်စွာဘွဲ့။

Myanmar Law Information System (MLIS)

၄၄။ အပိုဒ် ၄၃ ပါ ဘွဲ့များကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်၏အမည်ရှေ့တွင်ဖော်ပြ၍ ခေါ်ဝေါ် အသုံးပြုရမည်။ ရာထူးနှင့်အမည်ကို တွဲခေါ်ရသော ပုဂ္ဂိုလ်များဖြစ်ပါက ဘွဲ့အမည်ကို ရာထူးနှင့်အမည် ကြားတွင် ဖော်ပြ၍ခေါ်ဝေါ်အသုံးပြုရမည်။ ရာထူးနှင့်အမည်တွဲ၍ မခေါ်ရသောပုဂ္ဂိုလ်များဖြစ်ပါက ဘွဲ့အမည်ကို ဦး၊ ကို၊ ဒေါ်၊ မ ရှေ့တွင်ဖော်ပြ၍ ခေါ်ဝေါ်အသုံးပြုရမည်။ ဥပမာ- ဗိုလ်ကြီးသူရအောင်သိုက်၊ သူရဦးစိန်လှ၊ သီရိပျံ့ချီ ဦးတင်သိန်း၊ ဝဏ္ဏကျော်ထင် ဒေါ်နုရင်၊ အလင်္ကာကျော်စွာ မမြလေး။

၄၅။ ပုဂ္ဂိုလ်တစ်ဦးသည် သုဓမ္မသင်္ဂဟဘွဲ့များအနက် ဦးစွာချီးမြှင့်အပ်နှင်းခြင်းခံရသောဘွဲ့ထက် အဆင့်မြင့်သည့် ဘွဲ့တစ်ခုခုကို ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရပါက အဆင့်မြင့်သည့် ဘွဲ့တစ်ခုတည်းကို သာ မိမိအမည်၏ရှေ့တွင် ဖော်ပြ၍ ခေါ်ဝေါ်သုံးစွဲရမည်။ ဥပမာ- မဟာသီရိသုဓမ္မဘွဲ့ကို ရရှိထားသော ဦးဝင်းကြည်သည် သတိုးသီရိသုဓမ္မဘွဲ့ ထပ်မံရရှိပါက သတိုးသီရိသုဓမ္မဦးဝင်းကြည်ဟု ခေါ်ဝေါ်ရမည်။

၄၆။ ပုဂ္ဂိုလ်တစ်ဦးသည် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များအနက် ဦးစွာချီးမြှင့်အပ်နှံခြင်းခံရသောဘွဲ့ ထက် အဆင့်မြင့်သည့် ဘွဲ့တစ်ခုခုကို ထပ်မံ ချီးမြှင့်အပ်နှင်းခြင်းခံရပါက အဆင့်မြင့်သည့် ဘွဲ့တစ်ခုတည်း ကိုသာ မိမိအမည်၏ရှေ့တွင် ဖော်ပြ၍ ခေါ်ဝေါ်သုံးစွဲရမည်။ ဥပမာ- မဟာသရေစည်သူဘွဲ့ကို ရရှိထား သော ဦးမြတ်ကိုသည် သတိုးမဟာသရေစည်သူဘွဲ့ ထပ်မံရရှိပါက သတိုးမဟာသရေစည်သူ ဦးမြတ်ကို ဟုခေါ်ဝေါ်ရမည်။

၄၇။ စွမ်းဆောင်မှုဆိုင်ရာဘွဲ့များအနက် အမျိုးအစားမတူသောဘွဲ့ကို ထပ်မံရရှိပါက အဆင့်မြင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့ကို အမည်၏ရှေ့တွင်ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။ ဥပမာ- အလင်္ကာကျော်စွာဘွဲ့ ရသူ ဦးအုန်းမြင့်သည် သီရိပျံ့ချီဘွဲ့ ထပ်မံရရှိပါက အလင်္ကာကျော်စွာ သီရိပျံ့ချီဦးအုန်းမြင့်ဟု ခေါ်ဝေါ် ရမည်။

၄၈။ စွမ်းရည်သတ္တိဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးသည် အလားတူစွမ်းရည်သတ္တိဘွဲ့ကို ထပ်မံရရှိပါက ရာထူးအဆင့်နှင့် ဘွဲ့အကြားတွင် ထပ်ဆင့်ဟူသော စကားရပ်ကို ထည့်သွင်းခေါ်ဝေါ် အသုံးပြုရမည်။ ဥပမာ- သူရဘွဲ့ရရှိသော ဗိုလ်ကြီးသူရသန်းဌေးသည် သူရဘွဲ့ ထပ်မံရရှိပါက ဗိုလ်ကြီး ထပ်ဆင့် သူရသန်းဌေးဟု ခေါ်ဝေါ်ရမည်။

၄၉။ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် စွမ်းရည်သတ္တိ ဘွဲ့တစ်ခုခုကို ထပ်မံချီးမြှင့်အပ်နှင်းခြင်း ခံရပါက အဆင့်မြင့် စွမ်းရည်သတ္တိဘွဲ့ကို အမည်၏ရှေ့တွင် ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။ ဥပမာ- သူရဘွဲ့ရရှိထားသော ဗိုလ်ကြီးသူရလှဦးသည် သီဟသူရဘွဲ့ ထပ်မံ ရရှိပါက ဗိုလ်ကြီးသူရသီဟသူရလှဦးဟု ခေါ်ဝေါ်ရမည်။

## အခန်း (၁၃)
## သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းခြင်း

၅၀။ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ် လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း ဆပ်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းသွားရန်ဖြစ်သည်-

(က) ၁၉၆၀ ပြည့်နှစ် တိပိဋကဓရရွေးချယ်ရေးအဖွဲ့အက်ဥပဒေ (၁၉၆၀) ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၈)၊



Myanmar Law Information System (MLIS)

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၄၂/၉၁)ပါ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း၊

(ဂ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် (၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁/၉၉) အရ ၁၃၆၀ ပြည့်နှစ် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့အက်ဥပဒေ ဖြည့်စွက်ခြင်း။

## အခန်း (၁၄)

## နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း

၅၁။ နိုင်ငံတော်သည် နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ထိုက်သင့် သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်သည်။

## အခန်း (၁၅)

## ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေးနှင့် တံဆိပ်ပါ အမှတ်အသားများနှင့်ပတ်သက်၍အဓိပ္ပာယ်ဖော်ဆောင်ချက်များ

၅၂။ ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်တံဆိပ် များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါ အမှတ်အသားများ နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များကို အောက်ပါဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ် အမျိုးအစားအလိုက် နောက်ဆက်တွဲ ဇယားများတွင် ယှဉ်တွဲဖော်ပြထားသည်-

(က) သုဓမ္မသင်္ဂဟဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (က)

(ခ) ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (ခ)

(ဂ) တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့၏ အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (ဂ)

(ဃ) စွမ်းဆောင်မှုဆိုင်ရာဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (ဃ)

(င) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင် တံဆိပ်များ၏ အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (င)

Myanmar Law Information System (MLIS)

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ ၏အဆောင်အယောင်တံဆိပ်များ နောက်ဆက်တွဲ (စ)

(ဆ) ပြည်သူ့ဝန်ထမ်းဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များ၏ အဆောင်အ ယောင်တံဆိပ်များ နောက်ဆက်တွဲ (ဆ)

## အခန်း (၁၆)

## ထောက်ခံတင်ပြမှုဆိုင်ရာ နည်းလမ်းများ

၅၃။ **ဌာနဆိုင်ရာဝန်ထမ်းများ။** ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက် ပါက နောက်ဆက်တွဲ (ဇ)ပါ ပူးတွဲပုံစံ ၁ တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် ဦးစီးဌာန/ လုပ်ငန်းသို့ ထောက်ခံတင်ပြရန်၊

(ခ) ဦးစီးဌာန/ လုပ်ငန်းက လိုအပ်သလို စိစစ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနသို့ထောက်ခံတင်ပြရန်၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနက ဘွဲ့များ၊ တံဆိပ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်ပဏာမစိစစ်ရေးအဖွဲ့က လိုအပ်သလို စိစစ်ပြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(င) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်၊

၅၄။ **တပ်မတော်သားများ။** တပ်မတော်သားများအား တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းရေးအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ)ပါ ပူးတွဲပုံစံ ၂ တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့တို့က ထောက်ခံချက်များကို ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် တိုင်း/ တပ်မဌာနချုပ်များသို့ တင်ပြရန်၊

(ခ) တိုင်း/ တပ်မဌာနချုပ်များက လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ထောက်ခံတင်ပြ ရန်၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံးက လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြ ရန်၊

(ဃ) ကာကွယ်ရေးဝန်ကြီးဌာနက လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(င) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

၅၅။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့၊ တံဆိပ်များမှအပ ကျန်ဘွဲ့များနှင့်တံဆိပ်များကို ချီးမြှင့်အပ် နှင်းရေးအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ)ပါပူးတွဲပုံစံ ၃ တွင် လိုအပ် သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာတပ်ရင်းမှူးသည် ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် တိုင်း/ တပ်မဌာနချုပ်သို့ ထောက်ခံတင်ပြရန်၊

(ခ) တိုင်း/ တပ်မဌာနချုပ်သည် လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ထောက်ခံတင်ပြရန်၊

Myanmar Law Information System (MLIS)

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံးက လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြ ရန်၊

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ တံဆိပ်အတွက်ဖြစ်လျှင် ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းရန်၊

(င) ကာကွယ်ရေးဝန်ကြီးဌာနက လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(စ) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

၅၆။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ။** ရဲတပ်ဖွဲ့ဝင်များအား ရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင် မှုတံဆိပ်များ ချီးမြှင့်အပ်နှင်းရေးအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ) ပါပူးတွဲပုံစံ ၄ တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာပြည်နယ်/ တိုင်း ရဲတပ်ဖွဲ့မှူးများသည် ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် ထောက်ခံ ချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြရန်၊

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က လိုအပ်သလိုစိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြ ရန်၊

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနက လိုအပ်သလိုစိစစ်ပြီး ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့သို့ တင်ပြပြီး စိစစ်ရေးအဖွဲ့က အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြ ရန်၊

(ဃ) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

၅၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ တံဆိပ်များမှအပ ကျန်ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းရေးအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ) ပါပူးတွဲပုံစံ ၅ တွင် လိုအပ်သလိုဖြည့်စွက် လျက်အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာပြည်နယ်/ တိုင်း ရဲတပ်ဖွဲ့မှူးက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ ထောက်ခံတင်ပြရန်၊

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က လိုအပ်သလိုစိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြ ရန်၊

(ဂ) တပ်မတော်ဆိုင်ရာဘွဲ့ သို့မဟုတ် တံဆိပ်အတွက်ဖြစ်လျှင် ပြည်ထဲရေးဝန်ကြီးဌာနသည် ကာကွယ် ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းရန်၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာနက လိုအပ်သလို စိစစ်ပြီးဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့သို့ တင်ပြပြီး စိစစ်ရေးအဖွဲ့က အစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြရန်၊

(င) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

၅၈။ **တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များ။** တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များနှင့်ပတ်သက်၍ ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ) ပါပူးတွဲပုံစံ ၆ တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့တို့က ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် တိုင်း/ တပ်မဌာနချုပ်များ သို့ ထောက်ခံတင်ပြရန်၊

(ခ) တိုင်း/ တပ်မဌာနချုပ်များက လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ထောက်ခံတင်ပြ ရန်၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံးက လိုအပ်သလိုစိစစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြ ရန်၊

(ဃ) ကာကွယ်ရေးဝန်ကြီးဌာနက လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(င) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

၅၉။ **အခြားပုဂ္ဂိုလ်များ။** အထက်ဖော်ပြပါ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ (ဇ) ပါ ပူးတွဲပုံစံ ၇ တွင် လိုအပ် သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးရုံးအကြီးအကဲက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် ခရိုင်အုပ် ချုပ်ရေးရုံး အကြီးအကဲကတစ်ဆင့် ပြည်နယ် သို့မဟုတ် တိုင်းအုပ်ချုပ်ရေးရုံး အကြီးအကဲသို့ ထောက်ခံ တင်ပြရန်၊

(ခ) ပြည်နယ် သို့မဟုတ် တိုင်းအုပ်ချုပ်ရေးရုံးအကြီးအကဲက လိုအပ်သလိုစိစစ်ပြီး ဂုဏ်ထူးဆောင်ဘွဲ့ များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(ဂ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့က လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်၊

(ဃ) အစိုးရအဖွဲ့က လိုအပ်သလိုစိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြရန်။

## အခန်း (၁၇)

## ဂုဏ်ထူးဆောင်ဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ယင်းတို့၏ပုံတူတံဆိပ်ငယ်များ တပ်ဆင်ရာတွင် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ

၆၀။ ဂုဏ်ထူးဆောင်ဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပြည့်အစုံ ကိုအောက်ဖော်ပြပါ အခမ်းအနားများတွင် တပ်ဆင်ရမည်-

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင် အယောင်တံဆိပ်များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များတပ်ဆင်လာရန် ဖိတ်ကြားထားသည့် အခမ်းအနား၊

(ခ) ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ တပ်ဆင် လာရန် ဖိတ်စာတွင် ဖော်ပြဖိတ်ကြားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖိုးရေးကောင်စီဥက္ကဋ္ဌ တက်ရောက်မည့် အခမ်းအနား၊

(ဂ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ တပ်ဆင်လာရန်ဖိတ်ကြားထားသည့် အခမ်းအနား၊

(ဃ) ဗဟိုအာဏာပိုင်အဖွဲ့အစည်း အကြီးအကဲတို့က ဖိတ်ကြားသော အခမ်းအနားသို့ ဂုဏ်ထူးဆောင် ဘွဲ့၏အဆောင်အယောင်တံဆိပ်များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ တပ်ဆင်လာရန် ဖိတ်ကြားထား သည့် အခမ်းအနား၊

Myanmar Law Information System (MLIS)

(င) နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့တွင်မည်သည့်အရပ်ဒေသ၌မဆို ကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲများ၊

(စ) နှစ်စဉ် မတ်လ ၂၇ ရက်နေ့တွင် မည်သည့်အရပ်ဒေသ၌မဆို ကျင်းပသည့် တပ်မတော်နေ့ အထိမ်း အမှတ်ပွဲများ။

၆၁။ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အောက်ပါ အတိုင်းဆင်မြန်းရမည်-

(က) သုဓမ္မသင်္ဂဟ ဂုဏ်ထူးဆောင်ဘွဲ့များ၏ ရွှေစလွယ်များကို လက်ဝဲဘက်ပခုံးမှ လက်ယာနံပါးသို့ သွယ်ချဆင်မြန်းရန်၊

(ခ) ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များကို သတ်မှတ်ထားသောဖဲကြိုးဖြင့် လည်ပင်း တွင်ဆင်မြန်းရန်၊

(ဂ) ဂုဏ်ထူးဆောင်တံဆိပ်များကိုသတ်မှတ်ထားသော ဖဲကြိုးဖြင့် လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင် ရန်၊

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များဆင်မြန်းရာတွင် အဆင့်မြင့်သောဘွဲ့၏ အဆောင်အယောင်တံဆိပ်များကို အထက်ကထား၍ ဆင်မြန်းရန်၊

(င) ဂုဏ်ထူးဆောင်တံဆိပ်များကို လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်သည့်အခါ အဆင့်အမြင့်ဆုံး တံဆိပ်ကို လက်ယာဘက်အစွန်ဆုံးတွင် တပ်ဆင်၍ အဆင့်အလိုက် လက်ယာမှ လက်ဝဲသို့ တံဆိပ်များကို တပ်ဆင်ရန်၊

(စ) ဤပြဋ္ဌာန်းချက်မတိုင်မီက ချီးမြှင့်အပ်နှင်းခဲ့သော အဆောင်အယောင် ဘွဲ့တံဆိပ်များကို ဤပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့၏အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ တပ်ဆင်ပြီးသည့်နောက်မှသာ ဆက်လက်တပ်ဆင်ရန်၊

(ဆ) နိုင်ငံတော်အစိုးရက သဘောတူခွင့်ပြုသော နိုင်ငံခြားအစိုးရက ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူး ဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုသာ တပ်ဆင်ခွင့်ရှိပြီး ၎င်းတို့ကို ဤပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၏ နောက်မှသာ ဆက်လက်တပ်ဆင်ရန်။

(ဇ) ပြည်သူ့သားကောင်းတံဆိပ်ကို လက်ယာဘက်ရင်ဘတ်ပေါ်တွင် တပ်ဆင်ရန်၊ လွတ်လပ်ရေး မော်ကွန်းဝင်ပုဂ္ဂိုလ်ဖြစ်ပါလျှင် လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်၏ လက်ဝဲဘက်မှကပ်လျက် တပ်ဆင် ရန်။

၆၂။ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဆင်မြန်းရာတွင် ဝတ်စားတန်ဆာများကိုအောက်ပါအတိုင်း ဝတ်ဆင်ရမည်-

(က) တူညီဝတ်စုံဆင်ရန် သတ်မှတ်ထားခြင်းမရှိသော ပုဂ္ဂိုလ်များသည် အမျိုးသားဝတ်စုံကို ဝတ်ဆင်ရန်၊

(ခ) တူညီဝတ်စုံ ဝတ်ဆင်ရန်သတ်မှတ်ထားသော ပုဂ္ဂိုလ်များသည် တူညီဝတ်စုံကို ဝတ်ဆင်ရန်။

၆၃။ အခမ်းအနားများတွင် ပုံတူတံဆိပ်ငယ်များကိုအောက်ပါအတိုင်းတပ်ဆင်ရမည်-

(က) ပုံတူတံဆိပ်ငယ်များကို ညနေခင်း၌ကျင်းပသော ဧည့်ခံပွဲများတွင် တပ်ဆင်ရန်၊

(ခ) ပုံတူတံဆိပ်ငယ်များတပ်ဆင်ရန် ဖိတ်စာတွင် ဖော်ပြသည့်အခါတပ်ဆင်ရန်၊

(ဂ) ပုံတူတံဆိပ်ငယ်များကို တပ်ဆင်သည့်အခါ မူလတံဆိပ်ကြီးများတပ်ဆင်ခြင်းမပြုရန်။

၆၄။ ပုံတူတံဆိပ်ငယ်များကို ဆင်မြန်းရာတွင် ဝတ်စားတန်ဆာများကို အောက်ပါအတိုင်းဝတ်ဆင် ရမည်-

(က) အခမ်းအနားတွင် တူညီဝတ်စုံ ဝတ်ဆင်ရန် သတ်မှတ်ခြင်းမရှိသော ပုဂ္ဂိုလ်များသည် အမျိုးသား ဝတ်စုံကိုဝတ်ဆင်ရန်၊

Myanmar Law Information System (MLIS)

(ခ) အခမ်းအနားများတွင် တူညီဝတ်စုံ ဝတ်ဆင်ရန် သတ်မှတ်ထားသော ပုဂ္ဂိုလ်များသည် တူညီဝတ်စုံ ကိုဝတ်ဆင်ရန်။

၆၅။ ပုံတူတံဆိပ်ငယ်များတပ်ဆင်ရန် နည်းလမ်းမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုံတူတံဆိပ်ငယ်များကို တပ်ဆင်သည့်အခါ ဂုဏ်ထူးဆောင်ဘွဲ့၊ အဆောင်အယောင်တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပြည့်အစုံတပ်ဆင်သည့်နည်းအတိုင်း တံဆိပ်များ၏ အဆင့်အလိုက် လက်ယာမှ လက်ဝဲသို့ အင်္ကျီ၏လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်ရမည်၊

(ခ) ပုံတူတံဆိပ်ငယ်များကို တပ်ဆင်ရာတွင် ဖဲကြိုး၏အရှည်မှာ ၁ လက်မရှိရမည်။ ပုံတူတံဆိပ်ငယ် ၁ ခု သို့မဟုတ် ၂ ခုထက်ပိုသော ပုံတူတံဆိပ်ငယ်များကို တပ်ဆင်သည့်အခါ တံဆိပ်အောက်ဖျားပိုင်းအား လုံးညီရမည်။ ပုံတူတံဆိပ်ငယ်များအရွယ်မတူလျှင် ဖဲကြိုးအရှည်ကို သင့်လျော်သလိုထားနိုင်သည်။ သို့သော် ၁ လက်မထက်ပို၍ မရှည်စေရ၊

(ဂ) ဤပြဋ္ဌာန်းချက်မတိုင်မီက ချီးမြှင့်အပ်နှင်းခဲ့သော ပုံတူတံဆိပ်ငယ်များကို ဤဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပုံတူတံဆိပ်ငယ်များတပ်ဆင်ပြီးဆုံးသည့် နောက်မှသာ ဆက်လက်တပ်ဆင်ရမည်။

၆၆။ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်များ၏ ဖဲကြိုးသက်သက် ကို တပ်ဆင်ရာတွင် အောက်ပါအတိုင်းတပ်ဆင်ရမည်-

(က) တူညီဝတ်စုံ ဝတ်ဆင်ရန် သတ်မှတ်ထားသော ပုဂ္ဂိုလ်များသည် မိမိတို့သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များအတိုင်း တပ်ဆင်ရန်၊

(ခ) တူညီဝတ်စုံ ဝတ်ဆင်ရန် သတ်မှတ်ထားခြင်းမရှိသော ပုဂ္ဂိုလ်များသည် လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်ရန်။

## အခန်း (၁၈)

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်ရုပ်သိမ်းခြင်း

၆၇။ နိုင်ငံတော်ကချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ အောက်ပါအကြောင်းတစ်ရပ်ရပ်တွေ့ရှိပေါ်ပေါက်ပါက ပြန်လည်ရုပ်သိမ်းနိုင်သည်-

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်စပ်ဆိုင်သောပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေးခံရခြင်း၊

(ဂ) ဌာနဆိုင်ရာအရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်း ပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသည့် ပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံထိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြချက်အရ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းပြီး နောက် မူလထောက်ခံချက်ပါ အချက်အလက်အကြောင်းအရာများနှင့် စပ်လျဉ်း၍ မမှန်မကန်တင်ပြခဲ့ ကြောင်း ပေါ်ပေါက်တွေ့ရှိခြင်း၊

Myanmar Law Information System (MLIS)

(င) နိုင်ငံတော်က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ကို ပြန်လည် ရုပ်သိမ်းသင့်သည့် လုံလောက်သော အခြားအကြောင်းအချက်တစ်ရပ်ရပ် ပေါ်ပေါက်တွေ့ရှိခြင်း။

၆၈။ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ကို ပြန်လည်ရုပ်သိမ်းပါက ယင်းဘွဲ့အမည်သုံးစွဲခွင့်ကို လည်းကောင်း၊ ယင်းဂုဏ်ထူးဆောင်ဘွဲ့၏အဆောင်အယောင်တံဆိပ်နှင့်ပုံစံတူတံဆိပ်များ တပ်ဆင်ခွင့် ကိုလည်းကောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ခံစားခွင့်ပြုထားသော အခွင့်အရေးများကိုလည်းကောင်း၊ ချီးမြှင့်ထောက်ပံ့ငွေများကိုလည်းကောင်း ရုပ်စဲရမည်။

## အခန်း(၁၉)

## အထွေထွေ

၆၉။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်အကြီးအကဲအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရာထူးအလျောက် သုဓမ္မသင်္ဂဟနှင့် ပြည်ထောင်စုစည်သူသင်္ဂဟများ၏ အကြီးအမှူးဖြစ်သည့်ပြင် သုဓမ္မသင်္ဂဟတွင် အဂ္ဂမဟာသီရိသုဓမ္မဖြစ်၍ ပြည်ထောင်စုစည်သူသင်္ဂဟတွင် အဂ္ဂမဟာသရေစည်သူ လည်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲသည် တာဝန်ပြီးဆုံးသည့်အခါတွင် ယင်းသည် သုဓမ္မသင်္ဂဟတွင် အဂ္ဂမဟာသီရိသုဓမ္မအဖြစ်လည်းကောင်း၊ ပြည်ထောင်စုစည်သူသင်္ဂဟတွင် အဂ္ဂမဟာ သရေစည်သူအဖြစ်လည်းကောင်း ဆက်လက်တည်မြဲသည်။

၇၀။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူး ထိုက်သင့်သောကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်သင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင် တံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၇၁။ ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြား သည့် အခြေအနေတစ်ရပ်ရပ်အရ တိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ကိစ္စများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အခါအားလျော်စွာ အထူးအမိန့်ပြန်တမ်း ထုတ်ပြန်လျက် ပြဋ္ဌာန်းနိုင်သည်။

၇၂။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့၏ အစီအစဉ်ဖြင့် ဆုတံဆိပ်၊ ဆုလက်မှတ်စသည့် ဆုချီးမြှင့်ခြင်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဆုချီးမြှင့်ရာ၌ ဤအမိန့် ကြော်ငြာစာပါ ဂုဏ်ထူးဆောင်ဘွဲ့အမည်၊ ဂုဏ်ထူးဆောင်တံဆိပ်အမည်နှင့် ပုံသဏ္ဌာန်စသည်တို့ကို အသုံးမပြုရ။

၇၃။ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခြင်းခံရသူသည် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၇၄။ ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ၊ ယင်းတို့နှင့် တွဲဖက်ချီးမြှင့်သော ငွေကြေးကိစ္စတို့နှင့်စပ်လျဉ်း၍ ချီးမြှင့်ခံရသူ ကွယ်လွန်သည့်အခါ ထိုသူချီးမြှင့်ခံရသော ဘွဲ့၊ တံဆိပ်၊ ငွေကြေးခံစားခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံး၏ အဆုံးအဖြတ် အတိုင်းဖြစ်စေရမည်။

၇၅။ နိုင်ငံတော်သည် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်အပ်နှင်းခြင်းနှင့်စပ်လျဉ်းသည့် ဤပြဋ္ဌာန်းချက်ပါ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲအပ်နိုင်သည်။

၇၆။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ ဤပြဋ္ဌာန်းချက်အခန်း ၁၃၊ စာပိုဒ် ၅၀ ပါ ပြဋ္ဌာန်းချက်များမှအပ ယခင်ထုတ်ပြန်ခဲ့သည့် ပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ၊ ပြင်ဆင်ချက်များကို ဤအမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းလိုက်သည်။

၇၇။ ဤပြဋ္ဌာန်းချက်ထုတ်ပြန်ခြင်းမပြုမီ နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ စသည်တို့ကို ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ ချီးမြှင့်ထောက်ပံ့ငွေနှင့် အကျိုးခံစားခွင့်များကို လည်းကောင်း ဆက်လက်သုံးစွဲခံစားခွင့်ရှိသည်။

----- Footnote -----

[ပင်ရင်း- သီးသန့်စာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ (က) သုဓမ္မသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့ အဆောင်အယောင်တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများနှင့်ပတ်သက်၍ အဓိပ္ပာယ် ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ (ခ) ပြည်ထောင်စု စည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့၊ အဆောင်အယောင်တံဆိပ်များ၏ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး တံဆိပ်အမှတ်အသားများနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ (ဂ) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့အဆောင်အယောင်တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများ နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲ (ဃ) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများ နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲ (င) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲ (စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲ (ဆ) ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်အမှတ်အသားများ နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲ (ဇ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြရာတွင် လိုအပ်သလိုဖြည့်စွက်အသုံးပြုနိုင်ရန် ပုံစံအမှတ် (၁) မှ ပုံစံအမှတ် (၇) အထိ ပူးတွဲထားသည်

Myanmar Law Information System (MLIS)